# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 7, 2024 | Volume 81, Number 5


| ၇.၈.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၉၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၄.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၉.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၅.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၃၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၉၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖူးစားပြောင်း အဖူးရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၆၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက် ထိ ဖူးစားပြောင်း အဖူးရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဇူလိုင်လအတွင်းက ဖူးစားပြောင်းအဖူးရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ ဝယ်ယူမှု များပြားခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများ တင်ပို့ရောင်းချနေရတော့ ပြောင်းစိုက်တောင်သူတွေနဲ့ကုန်သည်တွေ အဆင်ပြေနေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းကပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ဖူးစားပြောင်းများသည်

ပိုးမွှားကင်းရှင်းကြောင်း၊ ဖူးစားပြောင်း အဖူး ၁၀၀၀ လျှင် ငွေကျပ် ၂၉၀,၀၀၀ မှ ၃၄၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဓနိချပ်ရေ ၅၅၀,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဓနိချပ်ရေ ၅၅၀,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်ကပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်သော ဒေသဖြစ်ပြီးထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဓနိချပ်ရေ ၃၇၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဓနိချပ်ရေ ၅၅၀,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ဘိုကလေးမြို့နယ်က တောင်သူတွေ စပါးအပြင် ဓနိနဲ့အခြားသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရောင်းချနေပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတစ်ခုထဲမှာ အပါအဝင်ဖြစ်ပါတယ်။ ဇူလိုင်လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူအားကောင်းခဲ့ပါတယ်။ ဝယ်ယူအားကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေ အဆင်ပြေတာကိုတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

အဆိုပါ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၇,၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ ထိုသို့ ဓနိချပ်များဝယ်ယူအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဓနုဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ဇူလိုလအတွင်း ကွမ်းရွက်ပိဿာချိန် ၈၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းအေးက ပြောပြသည်။ ဓနုဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ယခုနှစ် ဇွန်လအတွင်း ကွမ်းရွက် ပိဿာချိန် ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့ မှ ၃၁ ရက်နေ့ထိ တစ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များသည် အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်နဲ့ မအူပင်မြို့တွေကို လယ်ယာထွက်ကုန်တွေနဲ့ ခြံထွက်ကုန်တွေ တင်ပို့ရောင်းချတာများပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း မအူပင်မြို့နယ်ဘက်ကို ဒေသထွက်ကွမ်းရွက်ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ သယ်ယူတင်ပို့ရတဲ့လမ်းကြောင်းကလဲ အဆင်ပြေလို့ ဝယ်လက်တွေကလဲ ဒီဘက်ကကွမ်းရွက်တွေကို ကြိုက်ပါတယ်။ ဒါကြောင့် တင်ပို့အားကောင်းလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၃,၀၀၀ ထိ မအူပင်မြို့နယ်ကို တင်ပို့ရောင်းချခဲ့ရတာပါ။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်ယူမှုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့လုပ်ငန်းရှင်တွေ အဆင်ပြေနေပါတယ်" ဟု ဓနုဖြူမြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းအေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျရွေးထုတ်သန့်စင်ပြီး ခြင်းများဖြင့်ထည့်ကာ ရန်ကုန်ဈေးကွက်အပြင် မအူပင်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်ပိဿာချိန် ၁၀ ပိဿာလျှင် ငွေကျပ်

၁၇၅,၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

**https://myantrade.gov.mm/article/naypyitaw_**

## မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးတွင် လျှပ်စစ်သုံးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြုခဲ့ကြောင်း သိရသည်။

ဩဂုတ်လ ၅ ရက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ ရုံးအမှတ် ၁၈ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄ သန်းနှင့် ကျပ် ၅၇,၃၅၁ ဒသမ ၉၇၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၀၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယခုခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးမော်တော်ယာဉ် အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလည်း ပါဝင်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများသည် စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများအနေဖြင့် စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာကုန်ကြမ်းလိုအပ်ချက် များပြားလျက်ရှိ၍ ပြည်ပမှ အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုရန် ရော်ဘာလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ အစိုးရထံတင်ပြတောင်းဆို

အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာကုန်ကြမ်းလိုအပ်ချက် များပြားလျက်ရှိသည့်အတွက် ပြည်ပမှအကောက်ခွန်လွတ် တင်သွင်းခွင့်ပြုရန် ရော်ဘာလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ အစိုးရထံ တင်ပြတောင်းဆိုလိုက်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁ ရက်က ဖော်ပြသည်။

ယခုနှစ် ဇွန်လတွင် သဘာဝရော်ဘာ ၆၀,၀၀၀ တန် ထုတ်လုပ်ရန် မျှော်မှန်းထားသော်လည်း လက်တွေ့ဈေးကွက်တွင် ၃၀,၀၀၀ တန်သာ ရရှိနိုင်ဖွယ်ရှိသည်ဟု သဘာဝရော်ဘာသုံးစွဲသူများက ထောက်ပြခဲ့ကြောင်း အိန္ဒိယရော်ဘာဘုတ်အဖွဲ့က ပြောကြားခဲ့သည်။ သဘာဝရော်ဘာကို ဇူလိုင်လတစ်လျှောက်လုံး လက်တွေ့ရောင်းချပေးနိုင်ခြင်းမျိုး မရှိခဲ့သည့်အတွက်

အငယ်စားနှင့် အလတ်စား ရော်ဘာလုပ်ငန်းများဖြစ်ကြသည့် ကားတာယာကုမ္ပဏီများအပေါ် ရိုက်ခတ်မှုဖြစ်စေခဲ့ကြောင်း သိရသည်။

တာယာကုမ္ပဏီများအနေဖြင့် ပြည်တွင်း၌ သဘာဝရော်ဘာထုတ်လုပ်မှု လျော့နည်းနိုင်မည်ဟု ကြိုတင်မျှော်မှန်း၍ ပြည်ပမှ ဝယ်ယူတင်သွင်းရန် လျာထားဆောင်ရွက်ခဲ့ကြသော်လည်း၊ သတ်မှတ်ထားသည့် အခြေခံပမာဏလောက်ကို ပြည်တွင်းမှရရှိရန် မျှော်မှန်းထားကြကြောင်း မော်တော်ကားတာယာ ထုတ်လုပ်သူများအသင်း(Automotive Tyre Manufacturers Association - ATMA) ညွှန်ကြားရေးမှူးချုပ် Rajiv Budhraja က ပြောကြားခဲ့သည်။

မျှော်မှန်းထားသည့်အတိုင်း လိုအပ်သည့်ကုန်ကြမ်းပမာဏကို မရရှိနိုင်ပါက တာယာစက်ရုံများ၏ထုတ်လုပ်မှုကို ထိခိုက်စေနိုင်ကြောင်း၊ ATMA အသင်းဝင် တာယာကုမ္ပဏီအချို့သည် သဘာဝရော်ဘာကုန်ကြမ်း လိုအပ်သည့် ပမာဏ မရရှိနိုင်သည့်အတွက် ၎င်းတို့၏ထုတ်လုပ်မှုကို ၁၀ ရာခိုင်နှုန်းကျော် လျှော့ချထုတ်လုပ်ခဲ့ရသည်ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ရော်ဘာကို ဆိပ်ကမ်းနှစ်ခုမှသာ တင်သွင်းရန်ကန့်သတ်ထားသည့်အတွက် ပြည်တွင်းသယ်ယူပို့ဆောင်ရန် အချိန်ကြာမြင့်ကြောင်း၊ တာယာစက်ရုံများသည် အဆက်မပြတ် လည်ပတ်နေရသည့်အတွက် ကုန်ကြမ်းပြတ်လပ်မှု မရှိရန်လိုအပ်ကြောင်း ၎င်းကဆက်လက်၍ ပြောကြားခဲ့သည်။ ပြည်တွင်း၌ ရော်ဘာနှင့် ရော်ဘာစေးရရှိမှု မသေချာသည့် အတွက် ကုန်ကြမ်းလက်ကျန် များများစားစား သိုလှောင်ထားရှိခြင်း မပြုနိုင်သည့် MSME ရော်ဘာလုပ်ငန်းများ အခက်အခဲ တွေ့ကြကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာလုပ်ငန်းများအသင်း (All India Rubber Industries Association) ဥက္ကဋ္ဌ Shashi Kumar Singh က ပြောကြားခဲ့သည်။

လက်ရှိတွင် ပြည်တွင်းသဘာဝရော်ဘာဈေးနှုန်းမှာ ၁၃ နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း သဘာဝရော်ဘာနှင့်ရော်ဘာစေးပြတ်လပ်မှု မကြာခဏဖြစ်ပေါ်လျက်ရှိပြီး၊ ပြည်ပမှတင်သွင်းရာတွင် အကောက်ခွန်နှုန်းထားကြီးမြင့်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် MSME ရော်ဘာလုပ်ငန်းများလည်ပတ် ဆောင်ရွက်နိုင်ရေး ပြန်လည်သုံးသပ် စဉ်းစားပေးစေလိုကြောင်း ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယရော်ဘာသုံးစွဲနေသူများအနေဖြင့် ပြည်တွင်းလိုအပ်ချက်ပြည့်မီစေရေးအတွက် သဘာဝရော်ဘာကို အကောက်ခွန် လွတ်တင်သွင်းခွင့်ပြုရန်နှင့် ဆိပ်ကမ်း ၂ ခုတည်းမှ တင်သွင်းရန် ကန့်သတ်ထားသည့်အချက်ကို ဖယ်ရှားပေးရန် အစိုးရထံ တင်ပြတောင်းခံခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာကို ရော်ဘာဘုတ်အဖွဲ့မှ ခန့်မှန်းထားသည့်ပမာဏ၏ ထက်ဝက်ခန့်သာ ထုတ်လုပ်နိုင် သည်ကို တွေ့ရှိရသည်။ လတ်တလောတွင် ပြည်တွင်းရော်ဘာဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး၊ မော်တော်ကားတာယာ စက်ရုံများ၌ သဘာဝရော်ဘာနှင့် ရော်ဘာစေးလိုအပ်ချက် ပြည့်မီမှုမရှိသည့်အတွက် ပြည်ပမှ ပိုမိုတင်သွင်းခွင့်ရရှိရေး ဖြေလျှော့ဆောင်ရွက်ပေးရန် အစိုးရထံ တင်ပြတောင်းဆိုခဲ့ကြောင်း သိရသည်။

**သတင်းရင်းမြစ်။ The Hindu Businessline, Natural rubber consumers seek duty-free imports amid raw material shortage, August 01, 2024.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းကပြောပြ၍ သိရသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇,၀၀၀ ထိ တင်ပို့ ရောင်းချနိုင် ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၈၇,၀၀၀ ထိ ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့ကနေ စပါးတွေဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်များကို ရန်ကုန်စျေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ဆင်းသုခစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဆင်းသုခစပါးကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ကမ်းလှမ်းချိတ်ဆက်မှုတွေရှိပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆင်းသုခစပါး ၁၀၀ တင်းလျှင် ငွေကျပ် ၁၉ သိန်းထိ စျေးပေါက်နေကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းထံမှသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကျောင်းကုန်းမြို့နယ် ဒေသထွက်နာနတ်သီးများ ရန်ကုန်စျေးကွက်သို့ အဓိကတင်ပို့လျက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဒေသထွက်နာနတ်သီးများ ရန်ကုန်စျေးကွက်သို့ အဓိကတင်ပို့လျက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်၌ သစ်သီးမျိုးစုံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်သင်းသင်း၏ ပြောပြချက်အရ သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ ဒီအချိန်က နာနတ်သီးစခူးလို့ရတဲ့ အချိန်ဖြစ်ပါတယ်။ ဒီဒေသကထွက်တဲ့ နာနတ်သီးတွေကိုတော့ ရန်ကုန် စျေးကွက်ကိုပဲ အဓိကတင်ပို့နေတာပါ။ ကျောင်းကုန်းမြို့နယ်မှာ နာနတ်ပင်တွေကို မြေအောက်ရေ အစိုဓာတ်များများရရှိတဲ့နေရာတွေမှာ စိုက်တာများတယ်။ နာနတ်ပင်တွေကို စိုက်ခင်းများအဖြစ်၊ ကြားသီးနှံတွေအဖြစ် စိုက်ပျိုးကြတယ်။ နာနတ်သီးစိုက်ပျိုးတဲ့လုပ်ငန်းက တောင်သူတွေနဲ့ အကျွမ်းတဝင်ရှိပါတယ်။

နာနတ်ပင်က စိုက်ရတာလည်း လွယ်ကူတဲ့အပြင် တောင်သူတွေအတွက် ထိုက်သင့်တဲ့အကျိုးအမြတ်ရရှိ စေတဲ့ သီးနှံတစ်မျိုးဖြစ်ပါတယ်" ဟု ဒေါ်သင်းသင်းကပြောသည်။ ကျောင်းကုန်းမြို့နယ်၌ ဒေသခံများသည် စပါးစိုက်ပျိုးသည့် လုပ်ငန်းနှင့် ယှဉ်တွဲပြီး နာနတ်ပင်များကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကအထိစိုက်ပျိုးကြသည်။ အဆိုပါဒေသထွက် နာနတ်သီးများသည် အရည်အသွေးကောင်းပြီး ရက်ရှည်အထားခံသည့်အတွက် တစ်ဆင့်ပြန်လည်ရောင်းချသူများနှင့်စားသုံးသူများ အထူးကြိုက်နှစ်သက်ကြကြောင်း သိရသည်။

**Source:** https://myawady.net.mm/

## ထိုင်းအိမ်ခြံမြေစျေးကွက်သို့ တရုတ်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာ

ထိုင်းနိုင်ငံ၏ အိမ်ခြံမြေစျေးကွက်အတွင်းသို့ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး အငှားချထားရန်နှင့် ပြန်လည်ရောင်းချရန်တို့အတွက် အဓိက စီးပွားရေးမြို့ကြီးများတွင် ဝယ်ယူမှုများ ပိုမိုလုပ်ဆောင်လာခြင်းဖြစ်သည်။

ထိုင်းအစိုးရအနေဖြင့် ပြည်ပနိုင်ငံသားများအတွက် စာချုပ်ဖြင့် ငှားရမ်းသုံးစွဲခွင့်ကာလကို ယခင်က နှစ် ၅၀ သတ်မှတ်ထားရာမှ ယခုအခါ ၉၉ နှစ်သို့ တိုးမြှင့်သတ်မှတ်ရန် စီစဉ်နေခြင်းကြောင့်လည်း တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုမြင့်တက်လာစေခြင်းဖြစ်သည်။

အလားတူ ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကွန်ဒိုမီနီယံများ ဆောက်လုပ်မှုတွင် ပြည်ပနိုင်ငံသားများ၏ ပိုင်ဆိုင်မှုကို ယခင်က ၄၉ ရာခိုင်နှုန်းသာ သတ်မှတ်ထားရာမှ ၇၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ရန် စီစဉ်ထားသည်။

"ထိုင်းနိုင်ငံရဲ့ဥပဒေနဲ့အညီ ဒါမှမဟုတ် ထိုင်းနိုင်ငံသားများနဲ့ ပူးတွဲလုပ်ဆောင်မှုကနေ တစ်ဆင့်ဖွဲ့စည်းထားတဲ့ ကုမ္ပဏီတွေ အနေနဲ့ မြို့ကြီးတွေမှာ ကွန်ဒိုတွေနဲ့ အိမ်ရာတွေကို ဝယ်ယူဖို့အတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများကို အသုံးပြု နေကြတာပါ"ဟု အိမ်ခြံမြေအတိုင်ပင်ခံ ကုမ္ပဏီဖြစ်သည့် Property DNA မှ ဦးဆောင်ညွှန်ကြားရေးမှူး ဆူရာချတ်ကောင်းချိက ပြောသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်ကုမ္ပဏီများ၏ ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမှာ ဘတ် ၃၈၂ ဒသမ ဝ၆ ဘီလီယံ ရှိသည်ဟု ထိုင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါပမာဏသည် ထိုင်းနိုင်ငံအတွင်း ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၉ ဒသမ ၄၈ ရာခိုင်နှုန်း ရှိသောကြောင့် ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ပြီးနောက် တရုတ်နိုင်ငံက တတိယမြောက် အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်လာသည်။ တရုတ်နိုင်ငံ က ထိုင်းနိုင်ငံအတွင်း အများဆုံးရင်းနှီးမြှုပ်နှံထားသော ကဏ္ဍများမှာ မော်တော်ကားနှင့် အပိုပစ္စည်း၊ တာယာနှင့်ကျွတ်၊ အိမ်ခြံမြေ၊ သံနှင့်သံမဏိထုတ်လုပ်ရေးနှင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍများဖြစ်ကြောင်း သိရသည်။

**Source:** https://myawady.net.mm/

## STOCK EXCHANGE (7.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,829 (Shares) | 28,486,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,900 | 9,000 | 8,900 | 243 | 2,172,700 | 33,109,694 | 297,987 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,550 | 3,550 | 3,500 | 3,174 | 11,262,700 | 38,929,150 | 138,199 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 6,153 | 11,052,850 | 29,664,613 | 53,396 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,850 | 2,850 | 2,750 | 279 | 776,250 | 12,823,224 | 35,264 |
| EFR | 00006 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,700 | 227 | 397,700 | 19,977,223 | 35,959 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 217 | 998,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,450 | 3,450 | 3,400 | 536 | 1,825,700 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 7th Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.60 | +2.28 | +0.56% | 408.53 | 412.38 | 408.13 | 10,829 | 28,486,100 | 8 | 776,359 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 8th Aug, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,393 (Shares) | 5,660,800 (MMK) |

| MYANPIX | 406.97 ▼ 4.63 |
|---|---|
| Total Volume (shares) | 1,393 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 767,620 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 100 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |

TIR